## အဂ္ဂမဟာပဏ္ဍိတ, ပြည်မြို့ ဇေတဝနကာရုံ ဆရာတော် ဘုရားကြီး ရေးသားအပ်သော

# နိဗ္ဗာနဇောတိကကျမ်းမှ ကောက်နုတ်ချက်

**နိရောဓ (၇)မျိုး**

**၁။ တဒင်္ဂ နိရောဓ**

**၂။ ဝိက္ခမ္ဘန နိရောဓ**

**၃။ သမုစ္ဆေဒ နိရောဓ**

**၄။ ပဋိပဿဒ္ဓိ နိရောဓ**

**၅။ ဥပ္ပါဒခဏဘင်္ဂ နိရောဓ**

**၆။ အနုပ္ပါဒ ခဏဘင်္ဂ နိရောဓ**

**၇။ သညာဝေဒယိတ နိရောဓ**

**၈။ သစ္စ နိရောဓ–**

ဟူ၍ ၇-မျိုး ရှိ၏။

### ၁။ တဒင်္ဂနိရောဓ

ထိုထို ကာမကုသိုလ်တည်းဟူသော အကြောင်းအစိပ်ဖြစ်ခိုက် ထိုထိုအကုသိုလ်တရားတို့ မဖြစ်ပဲ ချုပ်ငြိမ်း၍ နေခြင်းသည် တဒင်္ဂနိရောဓ မည်၏။

ဥပမာအားဖြင့်– လျှပ်စီးလက်ခိုက် အမိုက်မှောင် ကင်းပျောက်သကဲ့သို့ မှတ်အပ်၏။

### ၂။ ဝိက္ခမ္ဘန နိရောဓ

ဈာန်ရပုဂ္ဂိုလ်များ၌ ဈာန်စိတ်တကြိမ် ဖြစ်ပြီးသည်မှ စ၍ ဈာန်လျှော မကျမခြင်း နီဝရဏတရားတို့၏ ခွါရှဲ၍ နေခြင်းသည် ဝိက္ခမ္ဘန နိရောဓ မည်၏။

ဥပမာအားဖြင့်– ရေကန်၌ရှိသော မှော်များကို အိုးဖြင့် ဖယ်ရှား ပုတ်ခတ်လိုက်သည်ရှိသော် ပုတ်ခတ်ခြင်း၏ အရှိန် အဟုန် မကုန်သေးသမျှ မှော်များခွါရှဲ၍ နေဘိသကဲ့သို့ မှတ်အပ်၏။

### ၃။ သမုစ္ဆေဒ နိရောဓ

မဂ္ဂဉာန်ပုဂ္ဂိုလ်များ၌ မဂ်စိတ်ဖြစ်ခိုက် မဂ်လေးပါးတို့၏ အသီးအသီးသော အစွမ်းသတ္တိ အရှိန်အစော် အာနုဘော်ကြောင့် ထိုက်သည့်အားလျော်စွာ အနုသယတို့၏ နောင်တဖန် မဖြစ်နိုင်ပဲ အမြစ်အရင်း အကြွင်းမရှိ ကင်းပြတ်ချုပ်ငြိမ်း ရုပ်သိမ်းခြင်းသည် သမုစ္ဆေဒ နိရောဓ မည်၏။

ဥပမာအားဖြင့်-မိုးကြိုးကျရာဖြစ်သော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် တကြိမ်တည်း၌ပင် နောင်တဖန် စည်ပင်ပေါက်ရောက်ခြင်း မရှိပဲ အမြစ်ရင်းနှင့်တကွ သေကျေ ပျက်စီးခြင်းကဲ့သို့ မှတ်အပ်၏။

## ၄။ ပဋိပဿဒ္ဓိ နိရောဓ

ဖလဋ္ဌာန်ပုဂ္ဂိုလ်များ၌ ဖိုလ်စိတ်၏ အရှိန်အစော် အာနုဘော်ကြောင့် ကိလေသာတို့၏ အခိုးအငွေ့များ ထပ်မံချုပ်ငြိမ်း ရုပ်သိမ်းခြင်းသည် ပဋိပဿဒ္ဓိ နိရောဓ မည်၏။

ဥပမာအားဖြင့်– မီးလောင်ပြင်ကို ရေဖြင့်ထပ်မံ လောင်းသတ်က မီး၏ အခိုးအငွေ့ အရှိန်အစော် ကင်း၍ အေးမြခြင်းသို့ ရောက်သကဲ့သို့ မှတ်အပ်၏။

## ၅။ ဥပ္ပါဒခဏဘင် နိရောဓ

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ စုတိစိတ်တော်မှ တပါးသော အလုံးစုံသော စိတ်တို့၏ ဘင်ခဏ၌ နောက်နောက်သော စိတ်တို့၏ ဖြစ်ပေါ်လာရန် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ စသော သတ္တိတို့ဖြင့် ကျေးဇူးပြု လျက် ချုပ်ငြိမ်းခြင်းသည် ဥပ္ပါဒခဏဘင် နိရောဓ မည်၏။

ဥပမာအားဖြင့်– စကြာမင်း နတ်ရွာစံခြင်းသည် သားကြီးအတွက် ဥပရာဇာ မင်းဖြစ်ရန် ကျေးဇူးပြု သကဲ့သို့ မှတ်အပ်၏။

## ၆။ အနုပ္ပါဒ ခဏဘင် နိရောဓ

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်ခဏ၌ နောက်နောက်သော စိတ်များ ဖြစ်ပေါ်လာ ရန် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ စသော သတ္တိတို့ဖြင့် ကျေးဇူးမပြုပဲ မိမိ၏ အကြောင်းကုန်၍သာ ချုပ်ငြိမ်းခြင်း သည် အနုပ္ပါဒ ခဏဘင် နိရောဓ မည်၏။

ဥပမာအားဖြင့်– မီးစာနှင့်ဆီ ကုန်၍ မီး၏ငြိမ်းခြင်းသည် မည်သည့် အရာဝတ္ထုကိုမျှ ဖြစ်ပေါ်လာရန် ကျေးဇူးမပြုပဲ မိမိ၏ အကြောင်းကုန်၍သာ ငြိမ်းဘိသကဲ့သို့ မှတ်အပ်၏။

## ၇။ သညာဝေဒယိတ နိရောဓ

သမာပတ်ရှစ်ပါးကို ရပြီးသော ကာမ,ရူပ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များ၌ နိရောဓသမာပတ်သို့ ရောက်ရန် ဈာန်ဝင်စားနည်း အမျိုးမျိုးတို့ဖြင့် ဝင်စားခြင်းကြောင့် ကာမဘုံ၌ (၇)ရက်၊ ရူပဘုံ၌ အလိုရှိသမျှ စိတ်,စေတသိက်, စိတ္တဇရုပ်တို့၏ မဖြစ်ပဲ ချုပ်ငြိမ်း ရုပ်သိမ်းနေခြင်းသည် သညာဝေဒယိတ နိရောဓ မည်၏။

ဥပမာအားဖြင့်– ယခုခေတ် မေ့ဆေးပေးကြရာ၌ မေ့ဆေး၏ အစွမ်းသတ္တိအားလျော်စွာ ဆရာဝန် အလို ရှိသမျှ မေ့မြော၍ နေဘိသကဲ့သို့ မှတ်အပ်၏။

## ၈။ သစ္စ နိရောဓ

ပရမတ်လေးပါးတို့တွင် စိတ်,စေတသိက်,ရုပ် ပရမတ်တို့သည် မိမိ,မိမိတို့၏ သဘောလက္ခဏာအားဖြင့် အသီးအသီး သာသနာတွင်း, သာသနာပ ဘယ်ကာလ၌မဆို အဟုတ်အမှန် ကေန်စင်စစ် ရှိနေကြဘိသကဲ့သို့ ထို့အတူ မိမိ၏ ငြိမ်းအေးခြင်းဟူသော သန္တိသဘောအားဖြင့် သာသနာတွင်း, သာသနာပ ဘယ်ကာလ၌မဆို အဟုတ်အမှန် ကေန်စင်စစ် ရှိနေသော ရှေ့သုံးပါးတို့နှင့် အသီးအခြား မရောမယှက် သက်သက်သော အသင်္ခတ ဓာတ် ပရမတ် တစ်မျိုးသည် သစ္စနိရောဓ မည်၏။

ဥပမာအားဖြင့်– အစွမ်းသတ္တိ ထက်မြက်လှသော ဆေးဝါးမန္တရားသည် ကြီးကျယ်ပြင်းပြလှသော ရောဂါ ဝေဒနာ အဖြာဖြာတို့၏ ကင်းပျောက်ပျက်စီးကြောင်း ဖြစ်ဘိသကဲ့သို့ မှတ်အပ်၏။

## နိရောဓများကို စိစစ်ဝေဘန်ခြင်း–

ဌင်းတို့တွင် အဘယ်နိရောဓသည် သူတော်ကောင်းတို့ လိုလားတောင့်တအပ်သော နိရောဓသစ္စာ–နိဗ္ဗာန် မည်ပါသနည်း?ဟူမူ–

(၁)တဒင်္ဂနိရောဓသည် ကာမကုသိုလ်ကြောင့် အကုသိုလ်တရားတို့၏ တခဏမျှ မဖြစ်ခြင်းသာ ဖြစ်၏။ နိရောဓသစ္စာ မဟုတ်ပါ။ (၂)ဝိက္ခမ္ဘန နိရောဓသည်လည်း ဈာန်တရားကြောင့် နီဝရဏတို့၏ ခေတ္တခဏ ခွါရှဲခြင်းမျှ သာ ဖြစ်၏။ နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပါ။ (၃) သမုစ္ဆေဒ နိရောဓသည်လည်း မဂ်ကြောင့် အနုသယတို့၏ အမြစ် ပြတ်ကင်း မဖြစ်ခြင်းသာ ဖြစ်သည်။ နိရောဓသစ္စာ နိဗ္ဗာန် မဟုတ်ပါ။ (၄) ပဋိပဿဒ္ဓိ နိရောဓသည်လည်း ဖိုလ်စိတ် ကြောင့် ကိလေသာ အခိုးအငွေ့ ငြိမ်းအေးခြင်းမျှသာ ဖြစ်သည်။ နိရောဓသစ္စာ နိဗ္ဗာန် မဟုတ်ပါ။ (၅) ဥပ္ပါဒခဏ နိရောဓသည်လည်း ဝဋ်မြစ်မပြတ်သေးသူတို့၏ စိတ်,စေတသိက်,ရုပ်တို့၏ ဘင်ခဏ၌ ချုပ်ခြင်းမျှသာ ဖြစ်သည်။ နိရောဓသစ္စာ နိဗ္ဗာန် မဟုတ်ပါ။ (၆) အနုပ္ပါဒခဏဘင် နိရောဓသည်လည်း ဝဋ်မြစ်ပြတ်ပြီးသူတို့၏ စုတိစိတ်၏ ဘင်ခဏ၌ ချုပ်ခြင်းမျှသာ။ နိရောဓသစ္စာ နိဗ္ဗာန် မဟုတ်ပါ။ (၇) သညာဝေဒယိတ နိရောဓသည်လည်း သမာပတ် ၏ အစွမ်းကြောင့် စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ အပိုင်းအခြား အားလျော်စွာ ခွါရှဲ ချုပ်ငြိမ်းခြင်းမျှသာ။ နိရောဓ သစ္စာ နိဗ္ဗာန်မဟုတ်ပါ။

(၈) ယင်းသင်္ခါရနိရောဓတို့မှ ကြွင်းသော သစ္စနိရောဓသည်သာ သင်္ခါရတို့နှင့် မရောမယှက် သက်သက် အသီးအခြားဖြစ်သော, ပရမတ်လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော, သူတော်ကောင်းတို့ လိုလားတောင့်တ အပ်သော နိရောဓသစ္စာ နိဗ္ဗာန်ပင်ဟု သေချာဆတ်ဆတ် မှတ်ယူအပ်သည်။

အကြောင်းသော်ကား– **ကြွင်းသော နိရောဓတို့၏ အရတို့သည် သင်္ခါရ–သင်္ခတများ ဖြစ်ကြ၍ ဤနိရောဓ သစ္စာ၏ အရသည်သာလျှင် အသင်္ခတ ဖြစ်ခြင်းကြောင့်ပေတည်း။** ထို့ကြောင့် သစ္စယမိုက်ပါဠိတော်၌–

နိရောဓော နိရောဓသစ္စန္တိ?

နိရောဓသစ္စံ ဌပေတွာ အဝသေသာ နိရောဓော၊ န နိရောဓသစ္စံ။ နိရောဓသစ္စံ နိရောဓောစေဝ နိရောဓသစ္စဉ္စ–

အမိပ္ပါယ်ကား။ ။**နိရောဓ** မည်လျှင် **နိရောဓသစ္စာ** မည်ပါသလော?ဟု မေးလျှင်– နိရောဓအမျိုးမျိုး တို့တွင် နိရောဓသစ္စာကို ချန်ထား၍ ကြွင်းသော နိရောဓဟူသမျှသည် နိရောဓတော့ မည်ပါ၏။ နိရောဓ

သစ္စာတော့ မမည်ပါ။ နိရောဓသစ္စာကတော့ နိရောဓလည်း မည်၏။ နိရောဓသစ္စာလည်း မည်၏-ဟု ဖြေတော်မူ၏။

အထက်ပါအတိုင်း ပါဠိ,အဋ္ဌကထာ,ဋီကာများကို ထောက်ထား၍ သဘာဝဉာဏ် အမြင်မှန်ဖြင့် ဝေဘန်စိစစ်ပါက နိရောဓသစ္စာမှန် မြတ်နိဗ္ဗာန်ကို ကေန်တိတိ တွေ့ရဘိသို့ သိမြင်ရပေလိမ့်မည်။

ဤအရာ၌ နိရောဓသစ္စာသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် နိရောဓသစ္စာ။ အရိယသစ္စာသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် အရိယသစ္စာ။ သစ္စနိရောဓသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် သစ္စနိရောဓ-ဟူ၍ မှတ်ကြပါလေ။

## နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်

နိဗ္ဗာန်ဟု ခေါ်ဆိုကြရာ၌ အဘယ့်ကြောင့် နိဗ္ဗာန်ဟု ခေါ်သနည်း? ဟူမူ- ရာဂစသော မီးတို့၏ ချုပ်ငြိမ်းကြောင်း ဖြစ်ခြင်းကြောင့် နိဗ္ဗာန်မည်၏။ ဤနေရာ၌ **ချုပ်ငြိမ်းခြင်းနှင့်-ချုပ်ငြိမ်းကြောင်း**ကို ခြားခြားနားနား သိထားရန် လိုပေသည်။

= **ချုပ်ငြိမ်းခြင်းသည် ပရိနိဗ္ဗာန်၊ ချုပ်ငြိမ်းကြောင်းသည် နိဗ္ဗာန်၊**

= **ချုပ်ငြိမ်းခြင်းသည် အကျိုး၊ ချုပ်ငြိမ်းကြောင်းသည် အကြောင်း** ဖြစ်သည်။

ထိုတွင် ချုပ်ငြိမ်းခြင်းဟူသော ပရိနိဗ္ဗာန်သည်-

**၁။ ကိလေသ ပရိနိဗ္ဗာန်၊**

**၂။ ခန္ဓ ပရိနိဗ္ဗာန်၊**

**၃။ ဓာတု ပရိနိဗ္ဗာန်**- ဟူ၍ သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် အရဟတ္တမဂ်ဉာဏ်ကြောင့် ကိလေသာတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည် ကိလေသ ပရိနိဗ္ဗာန်မည်၏။ ယင်းကိုပင် ခန္ဓာငါးပါး အကြွင်းရှိသော ချုပ်ငြိမ်းခြင်းဖြစ်သောကြောင့် သဥပါဒိသေသ-ပရိနိဗ္ဗာန်ဟု ခေါ်ဆိုရ၏။

ဘုရား,ရဟန္တာတို့၏ စုတေခြင်းသည် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းဖြစ်သောကြောင့် ခန္ဓပရိနိဗ္ဗာန် မည်၏။ ယင်းကိုပင် ခန္ဓာအကြွင်းမရှိ ချုပ်ငြိမ်းခြင်းဖြစ်သောကြောင့် အနုပါဒိသေသ ပရိနိဗ္ဗာန်ဟု ခေါ်ဆိုရ၏။

သာသနာတော် ကွယ်ရာအခါ၌ ဓာတ်တော်များ ဗောဓိမဏ္ဍိုင်နေရာ၌ စုဝေး၍ တေဇောမီးဖြင့် ငြိမ်းခြင်းသည် ဓာတုပရိနိဗ္ဗာန် မည်၏။

## နိဗ္ဗာန်၏ သဘာဝ အကျဉ်းသင်္ခေပ

နိဗ္ဗာန်ဟူသည် ဥပါဒ်,ဋ္ဌီ,ဘင် မရှိခြင်းကြောင့် ပစ္စုပ္ပန်လည်း မဟုတ်, အတိတ်လည်း မဟုတ်, အနာဂတ်လည်း မဟုတ်။ **ကာလဝိမုတ်**သာ ဖြစ်သည်။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်၊ အဇ္ဈတ္တ-ဗဟိဒ္ဓ၊ ဩဠာရိက-သုခုမ၊

ဟီန-ပဏီတ၊ ဒူရ-အာသန္န ဟူသော ၁၁-ပါးသော အပြားမရှိခြင်းကြောင့် ခန္ဓာမဟုတ်။ ခန္ဓာမှလွတ်၍ **ခန္ဓဝိမုတ်** ဖြစ်သည်။

ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းမရှိသောကြောင့် **အပစ္စယ**၊ ကံ,စိတ်,ဥတု,အာဟာရတို့သည် မပြုပြင်အပ်သောကြောင့် **အသင်္ခတ**၊ စိတ်,စေတသိက်,ရုပ်တို့၏ အစုအဝေးဖြစ်သော သတ္တဝါတို့၏ သန္တာန်မှ အပ၌ ဖြစ်ခြင်းကြောင့် **ဗဟိဒ္ဓ**၊ သာသနာတွင်း, သာသနာပ မည်သည့်ကာလ၌ မဆို တည်ရှိခြင်းကြောင့် **နိစ္စ, ဓုဝ, သဿတ**။ ချမ်းသာကြောင်း ဖြစ်ခြင်းကြောင့် **သုခ**။ ပုဂ္ဂိုလ်,သတ္တဝါ မဟုတ်ခြင်းကြောင့် **အနတ္တ**။ စက္ခုဝိညာဏ် ဖြင့် မမြင်အပ်သောကြောင့် **အနိဒဿန**။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ယှဉ်သော စိတ်ဖြင့်သာ သိအပ်သောကြောင့် **မနောဝိညေယျ**။ လုံး-ရပ်-သဏ္ဍာန်-ဟန်ပန် မရှိခြင်းကြောင့် **အရူပ**။ ဤသို့ အစရှိသောအားဖြင့် နိဗ္ဗာန်၏ သဘာဝ သည် များပြားလှပေသည်။ ဤကား နိဗ္ဗာန်၏ သဘာဝသင်္ခေပ ပေတည်း။

## နိဗ္ဗာန်သို့ရောက်ခြင်းနှင့် ရောက်ရာကာလ

**နိဗ္ဗာန်သို့ ရောက်ကြသည်**-ဟု ဆိုကြရာ **ယင်းနိဗ္ဗာန်သို့ ဘယ်သို့ ဘယ်ပုံ ဘယ်နည်းအားဖြင့် ရောက်ပါ သနည်း? အဘယ်အခါ ကာလ သမယ၌ ရောက်ပါသနည်း?** ဟူမူ-

"န ဟိ တေေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ = ဤယာဉ်တို့ဖြင့် မရောက်ဖူးသော နိဗ္ဗာန်တည်းဟူ သော အရပ်သို့ မရောက်ရာ" ဟု ဟောတော်မူသောကြောင့် **ယာဉ်ဖြင့်လည်း မရောက်နိုင်ပါ**။

"ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တံ ကုဒါစနံ= လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ခြေဖြင့်သွားသဖြင့် တရံတဆစ်မျှ မရောက်နိုင်" ဟု ဟောတော်မူသောကြောင့် **ခြေဖြင့် သွားသဖြင့်လည်း မရောက်နိုင်ပါ**။

"န ဥပပတ္တိံ ဝဒါမိ= ပဋိသန္ဓေနေခြင်းကို ဟောတော်မမူ"ဟု ဆိုသောကြောင့် နိဗ္ဗာန်၌ **ပဋိသန္ဓေ မရှိခြင်း ကြောင့် ပဋိသန္ဓေဖြင့်လည်း မရောက်နိုင်ပါ**။

ထိုသို့ဖြစ်သော် အဘယ်သို့ ရောက်နိုင်ပါသနည်း? ဟူမူ- **အာရုံပြုသောအားဖြင့်သာ ရောက်နိုင်ပါသည်**။ မှန်၏။ နိဗ္ဗာန်ဟူသည် သွားအပ်သော ဂန္တဗ္ဗတရားလည်း မဟုတ်ပါ။ ရောက်အပ်သော ပတ္တဗ္ဗတရားလည်း မဟုတ် ပါ။ စင်စစ်မူကား-

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ"

စသော ဒေသနာတော်အရ မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗတရားသာ ဖြစ်၍ မျက်မှောက် အာရုံပြု သောအားဖြင့်သာ ရောက်သည်ဟူ၍ မှတ်အပ်၏။

**အဘယ်အခါ ကာလ၌ နိဗ္ဗာန်သို့ ရောက်ပါသနည်း?** ဟူမူ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုဉာဏ်, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်, နိဗ္ဗာန်ကို အောက်မေ့သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဝင်စားအပ်သော ဖိုလ်စိတ်များ ဖြစ်ရာကာလ၌သာ **အာရုံပြုသောအားဖြင့်** နိဗ္ဗာန်သို့ ရောက်ပါသည်။

ထိုမှ ရှေး၌၄င်း, ထိုမှ နောက်၌ဖြစ်သော ပရိနိဗ္ဗာန်စံရာ အခါ၌၄င်း, ပရိနိဗ္ဗာန် စံပြီးသည်မှ နောက်ကာလ၌ ၄င်း နိဗ္ဗာန်သို့ ရောက်သည်ဟူ၍ မရှိတော့ပါ။ ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် စသည်တို့ဖြစ်စဉ်က နိဗ္ဗာန်သို့ ရောက်ခဲ့ခြင်း၏ အကျိုးများကို ရယူခံစားခြင်းမျှသာ ရှိတော့သည်ဟူ၍ မှတ်အပ်၏။

ဤကား နိဗ္ဗာန်သို့ရောက်ခြင်းနှင့် နိဗ္ဗာန်သို့ ရောက်ရာကာလ ပေတည်း။

# နိဗ္ဗာန်ချမ်းသာ

## နိဗ္ဗာန်ချမ်းသာဟူသည် အဘယ်ပါနည်း?

"နိဗ္ဗာနံ ပရမံ သုခံ"ဟူသော ဒေသနာတော်အရ နိဗ္ဗာန်သည်ပင်လျှင် ချမ်းသာခြင်းပါလော? သို့မဟုတ် ပရိနိဗ္ဗုတ(ကိလေသာ ငြိမ်းပြီးသူ)များ ခံစား, စံစားဖို့ရာ နိဗ္ဗာန်၌ ရရှိအပ်သော ချမ်းသာတစ်မျိုးပါလော? သို့မဟုတ် ဘုရား,ရဟန္တာ ပုဂ္ဂိုလ်များ ပရိနိဗ္ဗာန် စံပြီးသည်မှ နောက်ကာလ၌ ပရိနိဗ္ဗုတများ ခံစား,စံစားဖို့ရာ အသီးအခြား ပေါ်ပေါက်၍လာသော ချမ်းသာပါလော? ဟူမူ– ဆိုခဲ့ပြီးသော ချမ်းသာအားလုံးသည် ရှိလည်း မရှိ၊ နိဗ္ဗာန်ချမ်းသာလည်း မဟုတ်ပါ။

ချဲ့၍ ပြပါဦးအံ့– "နိဗ္ဗာနံ ပရမံ သုခံ"ဟူသော ပါဠိ၌၏ (နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ပရမံ–မြတ်သော၊ သုခံ–**ချမ်းသာတည်း**)ဟူသော အနက်သည် ဥပစာအနက်သာ ဖြစ်သည်။ မုချအနက် မဟုတ်ပါ။ "ဇာတိပိ ဒုက္ခာ"ဟူသော ပါဠိ၌၏ (ဇာတိပိ– ပဋိသန္ဓေ နေခြင်းသည်လည်း၊ ဒုက္ခာ– ဆင်းရဲခြင်းတည်း)ဟူသော အနက်သည် ဥပစာအနက် ဖြစ်သကဲ့သို့ပင်တည်း။

(နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ပရမံ– မြတ်သော၊ သုခံ– **ချမ်းသာကြောင်းတည်း**)ဟူသော အနက်သည်သာ မုချအနက်ဖြစ်သည်။ (ဇာတိပိ– ပဋိသန္ဓေ နေခြင်းသည်လည်း၊ ဒုက္ခာ– **ဆင်းရဲကြောင်းတည်း**)ဟူသော အနက်သည်သာ မုချအနက် ဖြစ်သကဲ့သို့ပင်တည်း။

ထို့ကြောင့် နိဗ္ဗာန်သည် "**ချမ်းသာခြင်း**"မဟုတ်ပါ။ "**ချမ်းသာကြောင်း**"သာ ဖြစ်ပါသည်။ နိဗ္ဗာန်သည် အပ္ပတိဋ္ဌ–ဖြစ်၍ တည်ရာသဘော မရှိခြင်းကြောင့် ပရိနိဗ္ဗုတများ ခံစား,စံစားဖို့ရာ နိဗ္ဗာန်၌ ရအပ်သော ချမ်းသာလည်း မရှိပါ။ ဟုတ်လည်း မဟုတ်ပါ။ ပရိနိဗ္ဗုတဖြစ်သော **ရုပ်ထူး, နာမ်ထူး, ပုဂ္ဂိုလ်ထူးများ မရှိခြင်းကြောင့်** ၄င်းတို့ ခံစား,စံစားဖို့ရာ အသီးအခြား ပေါ်ပေါက်၍လာသော ချမ်းသာလည်း မရှိပါ။ မရှိခြင်းကြောင့် နိဗ္ဗာန် ချမ်းသာလည်း မဟုတ်ပါ။

## ထိုသို့မဟုတ်ခဲ့သော်–

**အဘယ်ချမ်းသာသည် နိဗ္ဗာန်ချမ်းသာ မည်ပါသနည်း? နိဗ္ဗာန်ချမ်းသာပင် မရှိတော့ ပြီလော?** ဟူမူ – ရှိပါသည်။ ရှိခဲ့သော် အဘယ်ပါနည်း?ဟူမူ –

"နိဗ္ဗာနတော လဒ္ဓံ သုခံ နိဗ္ဗာနသုခံ"။ (နိဗ္ဗာနတော–နိဗ္ဗာနာရမ္မဏတော– နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့်၊ လဒ္ဓံ– ရအပ်သော၊ သုခံ– ချမ်းသာတည်း။ နိဗ္ဗာနသုခံ– နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် ရအပ်သော ချမ်းသာ)–

ဤသို့ ဝစနတ္တပြု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် အဆက်ဆက်အားဖြင့် ရအပ်သော ဝဋ်ဆင်းရဲဟူသမျှတို့၏ ကုန်ဆုံးငြိမ်းအေးခြင်းဟူသော ဥပသမ–ချမ်းသာသည်သာလျှင် နိဗ္ဗာန်ချမ်းသာ မည်၏ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

ရှင်းလင်းပါဦးအံ့– နိဗ္ဗာန်ချမ်းသာကို လိုလားတောင့်တ၍ ဒါန,သီလ,ဘာဝနာ စသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုခြင်းကြောင့် အလွန်အေးမြ၍ အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံသော အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို အာရုံပြု၍ မဂ်အဆင့်ဆင့်အားဖြင့် အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသည်။ ယင်း အရဟတ္တမဂ်ဉာဏ်သည်လည်း အလွန်အေးမြ၍ အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံ သော နိဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့် အလွန်အေးမြ၍ အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံပြန်သည်။

ယင်းသို့ အေးမြလွန်း၍ အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်ရှိသော မဂ်ဉာဏ်၏ ကိန်းအောင်းရာ ခန္ဓာအစဉ်၌ "ကေသရာဇာ ခြင်္သေ့မင်း ကိန်းအောင်းရာ ဂူတွင်းသို့ မြေခွေးယုတ် မဝင်နိုင်" သကဲ့သို့ ထိုအတူ အလွန်ပူလောင်၍ အလွန်ယုတ်မာညစ်ကျူးသော ကိလေသာတို့သည် မဖြစ်နိုင်ပဲ အမြတ်ပြတ် ချုပ်ငြိမ်းရတော့သည်။

ဤသို့ **မဂ်ဉာဏ်၏ အရှိန်အစော် အာနုဘော်ကြောင့် အနုသယကိလေသာများ မဖြစ်နိုင်တော့ဘဲ အမြစ် ပြတ် ချုပ်ငြိမ်းသည်ကို ကိလေသာကို ပယ်သတ်သည်**ဟု ခေါ်ဆိုရသည်။ တစ်စုံတစ်ခုဖြင့် ပယ်သတ်သည် မဟုတ် ပါ။ ယင်းကိုပင် ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းကြောင့် **ကိလေသပရိနိဗ္ဗာန်**–ဟူ၍လည်း ခေါ်သည်။ ခန္ဓာငါးပါး အကြွင်းရှိသော ချုပ်ငြိမ်းခြင်း ဖြစ်ခြင်းကြောင့် **သဉပါဒိသေသနိဗ္ဗာန်**–ဟူ၍လည်း ခေါ်သည်။

## ဝဋ်သုံးပါး အဆင့်ဆင့်ချုပ်

အဝိဇ္ဇာတဏှာ အရင်းခံသော **ကိလေသဝဋ်** ကုန်ဆုံးပြီဟူ၍လည်း ဆိုရသည်။ ယင်းကိလေသဝဋ်၏ ကုန်ဆုံးခြင်းကြောင့် ဘဝများစွာက ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကံ, အကုသိုလ်ကံဟူသော **ကမ္မဝဋ်**သည်လည်း ရေသောက်မြစ်ပြတ်ပြီးသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် အသီးအပွင့်များကို မဖြစ်စေနိုင်ကုန်သကဲ့သို့, ထို့အတူ အကျိုးတရားများကို မဖြစ်စေနိုင်တော့သဖြင့် ကုန်ဆုံးရတော့၏။ ၎င်းကမ္မဝဋ်ဆုံးသဖြင့် ကမ္မဝဋ်ကြောင့် ဖြစ်ပေါ်၍ လာရသော ဇာတိတည်းဟူသော ဝိပါကဝဋ်သည်လည်း မငြင်းသာ မတင်းသာ ကုန်ဆုံးရတော့၏။

ဤကဲ့သို့ ဇာတိတည်းဟူသော **ဝိပါကဝဋ်** ကုန်ဆုံးခြင်းကြောင့် ဇာတိကိုမှီ၍ ဇာတိရှိမှ ဖြစ်ကြရသော အိုခြင်း, နာခြင်း, သေခြင်း စသော ဆင်းရဲအမျိုးမျိုး, ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး, အန္တရာယ်အမျိုးမျိုးတို့သည် ကုန်ဆုံးချုပ်ငြိမ်းရတော့သည်။

ဤကဲ့သို့ ဆင်းရဲအမျိုးမျိုးတို့၏ ကုန်ဆုံးချုပ်ငြိမ်းခြင်းသည်ပင်လျှင် "အမှောင်၏ကင်းခြင်းသည် အလင်း ဖြစ်သကဲ့သို့၎င်း၊ အပူ၏ ကင်းခြင်းသည် အအေးဖြစ်သကဲ့သို့၎င်း" ဆင်းရဲ၏ကင်းခြင်း, အေးငြိမ်းခြင်းသည်ပင် ချမ်းသာခြင်း မည်ပါသည်။ ထိုသို့ ဆင်းရဲ၏ကင်းခြင်း, အေးငြိမ်းခြင်းဟူသော ဥပသမ ချမ်းသာသည်သာလျှင်

နိဗ္ဗာန်ချမ်းသာ ဖြစ်သည်။ နိဗ္ဗာန်ချမ်းသာဟု ခေါ်ဆိုရန် အသီးအခြား ပေါ်ပေါက်၍လာသော မည်သည့်ချမ်းသာမျှ မရှိပါ။

## ထင်ရှားစေမှု ဥပမာပြု

**ဥပမာအားဖြင့်** ထင်စွာ ပြပါဦးအံ့ – တစ်ကိုယ်လုံး ကွက်လပ်မရှိအောင် အဖုအပိန့်စသော အနာရောဂါများ ပေါက်သဖြင့် နာကျင်ကိုက်ခဲ၍ နေ့မစဲ, ညမစဲ အမြဲဆင်းရဲဒုက္ခ ခံစားနေရခြင်းကြောင့် တညည်းညည်း တညူညူ အော်ဟစ်နေရသော ဒုက္ခိတတစ်ယောက်သည် ဆေးကောင်းကို မှီဝဲရ၍ အနာရောဂါ ပျောက်ကင်းပါက "ဟူးဝူး.... အခုမှဘဲ ချမ်းသာတော့သည်"ဟု ပြောဆိုရာ ထိုချမ်းသာသည် အဘယ်က လာသနည်း? ရောဂါပျောက်ကင်း ချမ်းသာခြင်းမှ တပါး အခြားက ပေါ်လာပါသလား? **ရောဂါပျောက်ကင်း ချမ်းသာခြင်းပင် မဟုတ်ပါလော**။

ထို့အတူ ဝဋ္ဋဆင်းရဲ အမျိုးမျိုးတို့၏ ချုပ်ပျောက်လွတ်ကင်း အေးငြိမ်းခြင်းဟူသော ဥပသမ ချမ်းသာသည် ပင်လျှင် အလွန်မွန်မြတ်သော အတုမရှိ အကောင်းဆုံးဖြစ်သော, သူတော်စင်တို့ အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာပင်ဟု သန္နိဋ္ဌာန်ကျ စွဲမှတ်အပ်၏။

## ဆင်းရဲကို မြင်အောင်ကြည့်

ဤကဲ့သို့သော ဝဋ္ဋဆင်းရဲအမျိုးမျိုးတို့၏ ငြိမ်းအေးခြင်းဟူသော ဥပသမ နိဗ္ဗာန်ချမ်းသာစစ် ချမ်းသာမှန်ကို ဝဋ္ဋဆင်းရဲအမျိုးမျိုးတို့၏ ဆင်းရဲပုံ, ပူလောင်ပုံ, လောင်ကြွမ်းပုံကို မသိမထင် မမြင်ကြကုန်သော ပုထုဇဉ်တို့သည် သိထင်မြင်ရန် အလွန်ပင် ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဝဋ္ဋဆင်းရဲတို့၏ ငြိမ်းအေးခြင်းဟူသော နိဗ္ဗာန်ချမ်းသာကို သိထင်မြင်ရန် ဆင်းရဲအမျိုးမျိုးတို့ကို သိမြင်အောင် ဆင်ခြင်သုံးသပ်ကုန်ရာ၏။ အဘယ်သို့လျှင် ဆင်ခြင်သုံးသပ်ကုန်ရာသနည်း ဟူမူ –

> ဝိပါကဝဋ္ဋဟူသည် ဇာတိပင်တည်း။ ဇာတိဖြစ်လျှင် ဇရာ,ဗျာဓိ အစရှိသော ဆင်းရဲအမျိုးမျိုး, ငရဲဆင်းရဲ, တိရစ္ဆာန်ဆင်းရဲ, ပြိတ္တာဆင်းရဲ, အသူရကာယ်ဆင်းရဲ စသော ဆင်းရဲအထွေထွေ၊ အတွင်း–အပြင်ဘေးရန် အတန်တန်, ရောဂါအသွယ်သွယ်, မိုးလင်း–မိုးချုပ် ခန္ဓာဝန်ထုပ်ကို ထမ်းဆောင်နေရခြင်း ဆင်းရဲ အဖြာဖြာ, အန္တရာယ်အဖုံဖုံ, အနိစ္စစသော သင်္ခါရဆင်းရဲတို့သည် များလှကုန်ဘိ၏။ ဘယ်သောအခါမှ ဆင်းရဲကင်း၍ ချမ်းသာခြင်းသို့ ရပါမည်နည်းဟု အထပ်ထပ် သုံးသပ်ဆင်ခြင်ပါက ၃၁–ဘုံတွင် တွေ့ကြုံ နေရသမျှ ဆင်းရဲချည်းသာ–ဟု

ထင်မြင်လာလျှင် "ဤဆင်းရဲဒုက္ခ၏ ကင်းငြိမ်းခြင်းသည်သာလျှင် ချမ်းသာဖြစ်လိမ့်မည်"–ဟု ဥပသမ နိဗ္ဗာန်ချမ်းသာသည်လည်း ထင်မြင်လာပေလိမ့်မည်။ ထင်မြင်အောင် ကြိုးစား၍ ဆင်ခြင်သုံးသပ်ကြပါကုန်။ ဤကား နိဗ္ဗာန်ချမ်းသာ ပြဆိုရာပေတည်း။

☸ ☸ ☸ ☸ ☸ ☸